# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

January 15, 2019 Volume 15, Number 9


**၁၅.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၇၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/ကျပ် |
| CBM Rate | = ၁၅၂၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၆.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၅.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၁.၂ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၄.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၆.၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၈၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၀၉ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၇၃ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၂၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၆၈၂ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၁၈-၁၉ ဘဏ္ဍာနှစ်၏ ပထမသုံးလပတ်အတွင်း မြန်မာနှင့်ထိုင်း နယ်စပ်ကုန်သွယ်ရေး ကန်ဒေါ်လာ ၉၃၇.၄ သန်းထိရောက်ရှိ

၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်၏ပထမသုံးလပတ်အတွင်း မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ဂိတ်များမှ ကုန်သွယ်မှုပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၉၃၇.၄ သန်းအထိရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများ၏ ဖော်ပြမှုအရသိရသည်။

၂၀၁၈ အောက်တိုဘာ ၁ မှ ဒီဇင်ဘာ ၂၈ ထိ မြန်မာ၏ အိမ်နီးချင်းထိုင်းနိုင်ငံသို့ တင်ပို့သည့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရှိခဲ့ကာ ထိုင်းနိုင်ငံမှပြန်တင်သွင်းခဲ့သည့် ပို့ကုန်များအတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃၇ သန်းရှိခဲ့သည်။

နယ်စပ်ကုန်သွယ်ဂိတ်များအနက် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏမှာ အများဆုံးဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၈၈.၄၉ သန်းရှိခဲ့သည်ဟုဆိုသည်။ မြန်မာမှထိုင်းသို့ တင်ပို့သည့်ပို့ကုန်များမှာ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများဖြစ်ပြီး ထိုင်းမှပြန်တင်သွင်းခဲ့သည့်ကုန်ပစ္စည်းများမှာ အလှကုန်များ၊ စက်ယန္တရားများ၊ စားသောက်ကုန်များနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများဖြစ်ကြောင်းသိရသည်။

မြန်မာနှင့်ထိုင်းတို့အကြား ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏပေါင်းမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်ထိ ရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/News.TheLadies/

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## အမျိုးသားပို့ကုန်မဟာဗျူဟာတွင် တန်ဖိုးမြှင့်သီးနှံထုတ်ကုန်များထည့်သွင်းမည်

ပြည်ပပို့ကုန်များကို ဘဏ္ဍာနှစ်အလိုက်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မဟာဗျူဟာများ ရေးစွဲဆောင်ရွက်လျှက်ရှိရာ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် သီးနှံများကို တန်ဖိုးမြှင့်ထုတ်လုပ်သည့် ထုတ်ကုန်များကိုပါ ထည့်သွင်းအကောင်အထည်ဖော်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ခရမ်းချဉ်သီးတို့ပန်းဂေါ်ဖီတို့လိုမျိုး ဟင်းသီးဟင်းရွက်နဲ့ သီးနှံတွေကို တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ပြောင်းလဲအဆင့်မြှင့်ပြီး ပို့ကုန်မဟာဗျူဟာ အဖြစ်ထပ်ပေါင်းထည့်ဖို့ရှိပါတယ်။ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်တဲ့နေရာမှာ သီးနှံတွေအတိုင်းတင်ပို့တာက ဈေးနှုန်းအနည်းငယ်ဘဲရသလို ကြာရှည်မခံတဲ့ပြဿနာလဲရှိကြောင်း လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။

ပြည်ပပို့ကုန်မဟာဗျူဟာကို(၂၀၁၃)ခုနှစ်မှစတင်ကာ ငါးနှစ်စီမံကိန်းအဖြစ်ရေးဆွဲထားခြင်းဖြစ်ပြီး၊ ယခု(၂၀၁၉) ခုနှစ်တွင် မူလပို့ကုန်အမယ်များအပြင် တန်ဖိုးမြှင့်ထုတ်ကုန်များနှင့် လက်မှုပစ္စည်းများကိုပါထည့်သွင်းဆောင်ရွက်သွားရန်စီစဉ်နေခြင်းဖြစ်သည်။ ပြည်ပပို့ကုန်မဟာဗျူဟာစီမံကိန်းတွင် လယ်ယာထွက်ကုန်များ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များ၊ CMP ချုပ်ပြီးအထည်များ ၊ သစ်တောထွက်ပစ္စည်းများနှင့် အေးခဲအသားတင်ပို့မှုများစသော အဓိက ပို့ကုန်အမယ်များကိုထည့်သွင်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ပို့ကုန်တိုးတက်ရေးအတွက် ကာလတို၊ ကာလလတ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ပို့ကုန်တင်ပို့သည့်လုပ်ငန်းရှင်များအတွက် အစိုးရအပိုင်းမှ လိုအပ်သည့်ပံ့ပိုးမှုများကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိနေသည်ဟုသိရသည်။

**Source:** https://www.facebook.com/popularnewsjournal/

## မင်းဘူး(စကု)ဒေသ မိုးရွာသွန်းမှုများခဲ့၍ ခရမ်းချဉ်သီးပေါ်ချိန်၌ အထွက်နှုန်းလျော့ကျ



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်အတွင်း ယခုနှစ် မိုးနှောင်းကာလမိုးရွာသွန်းမှုများခဲ့၍ ယခုလို ဆောင်းကာလ ခရမ်းချဉ်သီးပေါ်ချိန်တွင် အထွက်နှုန်းလျော့နည်းကာ တစ်ပိဿာ ကျပ် ၁,၂၀၀ အထိ စျေးနှုန်းမြင့်တက်နေကြောင်း မင်းဘူးမြို့ရှိသီးနှံပွဲရုံများမှသိရသည်။

ယမန်နှစ်က ယခုလိုခရမ်းချဉ်သီးပေါ်ချိန်တွင် တစ်ပိဿာ ကျပ် ၃၀၀၊ ၄၀၀ စျေးလောက်သာရှိခဲ့ပြီး ယခုနှစ် ခရမ်းချဉ်သီးပေါ်ချိန်တွင် တစ်ပိဿာ ကျပ် ၁,၂၀၀ အထိ စျေးနှုန်းမြင့်တက်နေခြင်းဖြစ်သည်။ ခရမ်းချဉ်သီးကို ဒီနယ်တစ်ဝိုက်မှ မိုးကြောင့်ပျက်စီးကုန်တဲ့အတွက် အထွက်နှုန်းတော်တော်လေးနည်းခဲ့တယ်။ တောင်တွင်းကြီး၊ ပခုက္ကူ မုံရွာဘက်တွေနဲ့ ရှမ်းပြည်နယ်ဘက်ကနေမှာပြီး ရောင်းနေရတယ်။ ရှမ်းပြည်ဘက်ကတော့ နှစ်ပတ်လည် ထွက်ရှိတယ်။ ယခုပွဲရုံမှာ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁,၂၀၀ နဲ့ လက်ကားစျေးရောင်းချနေပါတယ်။ စျေးထဲမှာ လက်လီဝယ်မယ်ဆို တစ် ပိဿာ ကျပ် ၁,၆၀၀၊ ၁,၈၀၀ စျေးတွေအထိ ရှိနေပါတယ်" ဟု မင်းဘူးမြို့ရှိ ဆင်ဖြူကျွန်း သီးနှံပွဲရုံ ပိုင်ရှင်မလတ်ကပြောဆိုသည်။ ယခုနှစ်မိုးကြောင့် သီးနှံများပျက်စီးကုန်သည့်အတွက် စားသောက်ကုန် သီးနှံများဖြစ်သော ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ခရမ်းချဉ်သီး စသည့်သီးနှံများ အထွက်နှုန်းနည်းကာ စျေးနှုန်းများမြင့်တက်နေသည်။

ဒီနှစ်ပင်ထောင်ခရမ်းချဉ်မျိုး အပင် ၃၀၀၀ လောက် စိုက်ပျိုးခဲ့ကြောင်း၊ ဆောင်းဦးပိုင်း မထင်မှတ်ဘဲ မိုးကောင်းခဲ့တာကြောင့် အပင် ၂၀၀၀ နီးပါးလောက် ရေနစ်ပြီးသေကုန်ကြောင်း၊ ယခုလက်ရှိထွက်နေတာက ကျန်တဲ့အပင် ၁၀၀၀ လောက်က ထွက်ရှိနေတာပါ။ ထွက်ရှိချိန်မှာ စျေးကောင်းရနေတော့ ဒီနှစ်မရှုံးနိုင်ကြောင်း၊ ထွက်ရှိနှုန်းကတော့ သုံးရက်၊ လေးရက် တစ်ခါဆွတ်ခူးရင် ပိဿာ ချိန် ၃၀ ကျော် ထွက်ရှိနေကြောင်း၊ ခရမ်းချဉ်က စျေးကောင်းနေတော့ အခင်းထဲထိကို လာဝယ်နေကြကြောင်း မင်းဘူးမြို့နယ် ရေမျက်ကျေးရွာနေ ခရမ်းချဉ်သီးစိုက်တောင်သူ ကိုအောင်နိုင်ကပြောဆိုသည်။ ယခုနှစ် ခရမ်းချဉ်သီးအထွက်နည်းနေသဖြင့် မကွေးပွဲရုံများကလည်း အခင်းထဲထိ လာပြီး ဆင်းဝယ်နေကြကြောင်း တိုင်ထောင် ခရမ်းချဉ်သီးတစ်ပိဿာ ကျပ် ၁,၀၀၀၊ ၁,၂၀၀၊ မြေစိုက် (ဗမာ) ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁,၄၀၀၊ ၁,၅၀၀ စျေးအထိ ရောင်းချနေရကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

**Source:** https://www.facebook.com/641708812625449/posts/1825783827551269/

## မူဆယ်တွင် ပုံနေသည့်သကြားများ ပျက်ဆီးမှုရှိလာ

တရုတ်နိုင်ငံမှ ၆ လနီးပါး ဝယ်ယူမှု မရှိသည့်အတွက် မူဆယ်တွင် သောင်တင်နေသည့် သကြားများမှာ ယခု အခါ စတင်ပျက်စီးမှုများရှိလာကြောင်း သကြား ကုန်သည်များထံမှ သိရသည်။

ယခင်အချိန်များက ပြည်တွင်းမှ ထွက်ရှိသည့် သကြား နှင့် Re-Export သကြားများကို တရုတ်နိုင်ငံမှ ဝယ်ယူ



သော်လည်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ စတင်ကာ တရုတ်နယ်စပ်ကုန်သွယ်ရေး တာဝန်ရှိသူများ၏ အဖမ်းအဆီးများကြောင့် တရုတ်ကုန်သည်များမှ အဝယ်ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

၆ လလောက်အတွင်းမှာ သကြားအိတ်တွေကို ဒီအတိုင်းဂိုဒေါင်ထဲမှာ ပုံထားရကြောင်း၊ အခုဆို သကြားအိတ် အပုံတွေရဲ့အောက်ဆုံးသကြားအိတ်တွေကစိုလာပြီး အချို့ဆိုရင်ခဲကုန်ကြောင်း၊ ကြာရင် အကုန်လုံး စိုနေတာကနေ အရည်ပျော်ပြီး သကြားတွေ ပျက်စီးနိုင်ကြောင်း သကြားကုန်သည် ဦးမျိုးဝင်းက ပြောသည်။ သကြားအိတ်အချို့တွင် စိုလာသည့်အတွက် ပျက်စီးမှုနည်းပါးစေရန်အတွက် အချို့ကုန်သည်များသည် မူဆယ်တွင် သကြားအိတ်များကို မထားတော့ဘဲ မိမိအိမ် (သို့မဟုတ်) စက်ရုံများသို့ ပြန်လည်သယ်ယူမှုများ ပြုလုပ်နေကြကြောင်းသိရသည်။

လတ်တလောတွင် သကြားကို တရုတ်နိုင်ငံမှဝယ်ယူမှုမရှိသည့်အပြင် ပြည်တွင်းသကြားဈေးကွက်၏ ဈေးနှုန်းမှာလည်း စိုးရိမ်စရာဖြစ်လာနေကြောင်း ကုန်သည်များကပြောသည်။ ပြည်တွင်းသကြားဈေးကွက်ကလည်း အခြေအနေမကောင်းကြောင်း၊ သကြားဈေးကွက်မရှိတဲ့အချိန် ကြုံတွေ့ကပေါ်နေကြောင်း၊ ကြံစိုက်သူရော၊ သကြားစက်ရုံပိုင်ရှင်တွေရော စိတ်ညစ်နေကြကြောင်း သကြားကုန်သည်တစ်ဦးကဆိုသည်။

**Source:** https://www.facebook.com/amiamyanmar/

## မတ်ပဲတစ်တန် ကျပ်ခုနစ်သောင်းကျော် ဈေးပြန်ကျ

အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေသော ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများသည် နှစ်ပတ်အတွင်း တစ်တန်လျှင် ကျပ်လေးသောင်းမှ ခုနစ်သောင်းကျော်အထိ ဈေးကျဆင်းကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ သိရသည်။ ယင်းပဲဈေးနှုန်းများသည် ဇန်နဝါရီလ ပထမပတ်အတွင်းက အိန္ဒိယဘက်က အဝယ်လိုက်နေသည့်အတွက် မြင့်တက်နေရာမှ ယင်းနောက်ပိုင်း အိန္ဒိယဘက်က အဝယ်တဖြည်းဖြည်းပြန်လျော့လာခြင်းကြောင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ပြီး လတ်တလောအခြေအနေမှာ ဈေးကွက်ကို ခန့်မှန်းရခက်ခဲနေကြောင်း ပဲကုန်သည်များက ပြောဆိုသည်။ ထို့အတူ ပြည်ပပို့သင်္ဘောတင် (FOB) ဈေးနှုန်းမှာလည်း လွန်ခဲ့သည့် နှစ်ပတ်ကထက် မတ်ပဲ(FAQ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၊ မတ်ပဲ(SQ)တစ်တန်လျှင် ၄၅ ဒေါ်လာခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ဒေါ်လာ ၃၀ ခန့်ကျဆင်းကြောင်း ပဲဈေးကွက်အတွင်းမှသိရသည်။

လတ်တလော အိန္ဒိယဘက်က အထူးဝယ်ယူခွင့်ပါမစ်များဖြင့် မြန်မာ့ပဲကိုဝယ်ယူနေခြင်းဖြစ်ပြီး ၎င်းတို့လိုအပ်သည့် အချိန်တွင် ပမာဏများစွာဝယ်ယူပါက ဈေးနှုန်းမြင့်တက်ပြီး ၎င်းတို့မဝယ်ချိန်တွင် ဈေးနှုန်းကျဆင်းကြောင်း၊ ထို့ကြောင့်ဈေးကွက်မှာ ငြိမ်သက်ခြင်းမရှိဘဲ ၎င်းတို့လက်ထဲတွင် ဈေးနှုန်းရှိနေသည့် အခြေအနေနှင့် မြန်မာပဲကုန်သည်များ ရင်ဆိုင်နေရသည့်အတွက် အစိုးရအနေနှင့် တရားဝင်ရောင်းချခွင့်ရရှိရန် အမြန်ဆုံးလုပ်ဆောင်ပေးသင့်ကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှ ပဲကုန်သည်များက ပြောကြားသည်။ လက်ရှိပဲဈေးကွက်အတွင်း မတ်ပဲ (FAQ) တစ်တန်လျှင် ကျပ် ၆၉၆,၀၀၀၊ မတ်ပဲ (SQ) တစ်တန်လျှင် ကျပ် ၈၆၄,၀၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၇၀၅,၀၀၀ ရှိပြီး FOB ဈေးနှုန်းမှာ မတ်ပဲ (FAQ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀-၄၈၀၊ မတ်ပဲ (SQ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀-၆၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၀-၄၈၀ ဈေးရှိကြောင်း ဘုရင့်နောင်ပဲဈေးကွက်အတွင်းမှသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1516-matpe.html

## အီးယူက မြန်မာနှင့်ကမ္ဘောဒီးယားမှ ဆန်တင်ပို့မှုအပေါ် အခွန်ကောက်မည်

ဥရောပသမဂ္ဂသည် လာမည့်သုံးနှစ်အတွင်း မြန်မာနှင့်ကမ္ဘောဒီယားတို့မှ အလုံးအရင်းဖြင့်တင်ပို့သည့် ဆန်များကို အခွန်ကောက်ခံရန်စတင်မည်ဖြစ်ကြောင်း အဆိုပါကိစ္စနှင့်နီးစပ်သည့် သတင်းရင်းမြစ်ကိုကိုးကား၍ ရိုက်တာသတင်းတွင်ဖော်ပြထားသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဥရောပသမဂ္ဂအဖွဲ့ ၂၇ နိုင်ငံက အဆိုပါကိစ္စအပေါ်

ပြန်လည်သုံးသပ်ခဲ့သော်လည်း အများစုသဘောကျ ရှင်းလင်းပြတ်သားသည့် ရလဒ်ထွက်ပေါ်လာခဲ့ခြင်းမရှိသောကြောင့် ဥရောပကော်မရှင်က နိုင်ငံရပ်ခြားကုန်သွယ်ရေးမူဝါဒအရ အဆိုပါကိစ္စကို နောက်ဆုံးဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ဥရောပကော်မရှင်၏ အဆိုပြုချက်တွင် အဆိုပါနိုင်ငံနှစ်ခုမှ ပထမနှစ်အတွင်းတင်သွင်းသည့် ဆန်တစ်တန်လျှင် ၁၇၅ ယူရို ၊ ဒုတိယနှစ်တွင် ၁၅၀ ယူရိုနှင့် တတိယနှစ်တွင် ၁၂၅ ယူရို အခွန်စည်းကြပ်ရန်ရှိသည်ဟု အဆိုပါသတင်းရင်းမြစ်ကဆိုသည်။ စည်းကြပ်ခွန်ကောက်မည့် အစီအစဉ်ကို EU အဖွဲ့ဝင်နိုင်ငံများကြား ထုတ်ပြန်အသိပေးထားပြီဖြစ်ပြီး ဇန်နဝါရီလ ၁၆ ရက်နေ့နောက်ဆုံးထားပြီး ကန့်ကွက်နိုင်သည်။ ကန့်ကွက်မှုမရှိပါ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် နောက်ဆုံး ဆုံးဖြတ်ချက်ကို ကြေညာမည်ဖြစ်သည်။

ဥရောသမဂ္ဂက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအပေါ်ပေးအပ်သည့် 'လက်နက်မှလွဲ၍' အခွန်ကင်းလွတ်ခွင့်ကြောင့် မြန်မာနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် အကျိုးအမြတ်ရလျက်ရှိသည်ဟု ရိုက်တာသတင်းတွင်ဖော်ပြထားသည်။ သို့ရာတွင် အဆိုပါနှစ်နိုင်ငံသည် ၎င်းတို့နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းများကြောင့် ရရှိထားကြသည့် ကုန်သွယ်ရေးဆိုင်ရာအခွင့်အရေးများ ဆုံးရှုံးနိုင်သည့်အရေးနှင့်ရင်ဆိုင်နေကြရသည်။ မြန်မာနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံပေါင်း၏ ဥရောပသမဂ္ဂသို့ ဆန်တင်ပို့မှုသည် ၂၀၁၂ ခုနှစ်က မက်ထရစ်တန် ၉,၀၀၀ ရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၃၆၀,၀၀၀ ထိ တိုးလာခဲ့သည်ဟု EU ၏ လယ်ယာလုပ်ငန်းစုဖြစ်သည့် Copa-Cogeca က ထုတ်ပြန်ထားသည်။

**Source:** https://www.facebook.com/Myanmar-News-1400270730118525/

## မြိတ်တွင်စိုက်ပျိုးမည့် သြဂဲနစ်သီးနှံများဝယ်ယူရန် ဂျပန်နိုင်ငံမှကမ်းလှမ်းထား



မြိတ်ခရိုင်တွင် ဓာတုဆေးဝါးဓာတ်မြေဩဇာမသုံးဘဲ စိုက်ပျိုးမည့် သြဂဲနစ်သီးနှံများကို ဂျပန်နိုင်ငံက ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြိတ်ခရိုင် အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များအသင်းမှသိရသည်။

ဇန်နဝါရီ ၇ ရက်က မြိတ်ခရိုင်စိုက်ပျိုးရေးအသင်းနှင့်ဂျပန်နိုင်ငံမှ သြဂဲနစ်နည်းပညာဖြန့်ဝေခြင်းနှင့် သြဂဲနစ်ထုတ်ကုန် ဝယ်ယူရောင်းချသူများအဖွဲ့၏ အမှုဆောင်အရာရှိတို့ တွေ့ဆုံခဲ့ရာတွင် ယင်းသို့ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း မြိတ်ခရိုင်အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဆန်းမင်းဦးကပြောဆိုသည်။ မြိတ်ခရိုင်စိုက်ပျိုးရေး အသင်းသည် ခရိုင်အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များအသင်းက ဖွဲ့စည်းထားသည့် အသင်းတစ်သင်းဖြစ်သည်။

တွေ့ဆုံပွဲ၏ပထမအဆင့်ညှိနှိုင်းချက်အရ မြိတ်ခရိုင်တွင် ကိုကိုး၊ ငရုတ်ကောင်း၊ ဒန့်သလွန်၊ ငှက်ပျော၊ နနွင်းနှင့်ချင်းများ စိုက်ပျိုးထုတ်လုပ်ပါက တန်နှင့်ချီဝယ်ယူမည်ဟု အထက်ပါဂျပန်အမှုဆောင်အရာရှိက ပြောဆိုခဲ့သည်။ ယင်းတွေ့ဆုံပွဲမှာ နည်းပညာဖြန့်ဝေသည့်ပညာရှင်နှင့်တွေ့ဆုံခြင်းသာဖြစ်ပြီး လာမည့်လ အနည်းငယ်အတွင်း ကုန်သည်များနှင့် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံဆွေးနွေးရဦးမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ နောက်တစ်ကြိမ်ထပ်တွေ့တဲ့အခါ ဘယ်လောက်အထိဝယ်ပြီး ဘယ်လိုအာမခံချက်မျိုးပေးနိုင်မလဲဆိုတာ ထပ်ဆွေးနွေးရဦးမည်ဟု ဦးဆန်းမင်းဦးကပြောဆိုသည်။

သီးနှံဈေးနှုန်းမှာ အနည်းဆုံးဒေသတွင်းပေါက်ဈေးထက် ရာခိုင်နှုန်း ၂၀ ပိုမိုရရှိမည်ဖြစ်ပြီး အရည်အသွေးပေါ်မူတည်၍ ထိုထက်ပိုမိုရရှိနိုင်မည်ဖြစ်သည်။ သြဂဲနစ်ထွက်ကုန်များကို ဂျပန်နိုင်ငံမှလာရောက်ဝယ်ယူမည်ဆိုပါက ဝမ်းသာကြိုဆိုရမည်ဖြစ်ပြီး အဓိကအနေဖြင့် ရောင်းသူဝယ်သူနှစ်ဦးစလုံး တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ရေရှည်သွားနိုင်ရေး တိုင်းအစိုးရက ကြပ်မတ်လုပ်ဆောင်ပေးရန်လိုကြောင်း ကျွန်းစုမြို့နယ်မှ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးခင်မောင်သန်းကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/119480.html

## မန္တလေးမှာ ဆော်လမွန်ကြက် ဈေးကွက်ရအောင်လုပ်မည်



ဆော်လမွန် (searma) အလှမွေးကြက်တွေဟာ ရန်ကုန်မှာ ဈေးကွက်တစ်ခုရှိနေပေမဲ့ မန္တလေးမှာ ဈေးကွက်မရှိသေးတာကြောင့် ဈေးကွက်တစ်ခုရလာအောင် လုပ်ဆောင်သွားမယ်လို့ Royal Mandalay searma သိရပါတယ်။
မန္တလေးမှာလဲ မွေးမြူသူတော်တော်များများတော့ရှိကြောင်း ၊ တခြားတိရစ္ဆာန်တွေလိုမျိုး အဆင့်အတန်းတစ်ခုအနေနဲ့ တောမရှိသေးကြောင်း၊ ဈေးကွက်ရောပေါ့လေ၊ ရန်ကုန်ကိုမမီသေးဘူး၊ အခွင့်အရေးရရင်ရသလို နောက်လည်း ဒီလိုရှိုးကြီးတွေမှမဟုတ်ဘူး၊ မီနီပွဲလေးတွေကိုလဲ ကိုယ့်ဘာသာလုပ်နိုင်အောင် ကြိုးစားသွားမယ်လို့ Royal Mandalay searma က ကိုအောင်ကျော်ခန့်ကပြောပါတယ်။
ရန်ကုန်မှာဆော်လမွန်ကြက်တွေရဲ့မီနီရှိုးပွဲတွေ မကြာခဏကျင်းပလေ့ရှိပေမဲ့လည်း မန္တလေးမှာတော့ ကျင်းပဖူးခြင်းမရှိတဲ့အတွက် လူသိနည်းနေသေးတယ်လို့သိရပါတယ်။ ဆော်လမွန်ကြက်ရဲ့ အကြီးဆုံးက ၅၀ ကျပ်သားအထိရှိပြီးတော့ ၄၀ သား၊ ၃၅ ကျပ်သား၊ ၂၅ ကျပ်သားလောက်တွေ ရှိတယ်လို့သိရပါတယ်။ ရန်ကုန်မှာနဲ့စာရင် လူသိနည်းသေးတယ် ၊ မန္တလေးဆော်လမွန်ကြက်ပိုပြီးတော့ဖွံ့ဖြိုးစေချင်တယ်လို့ ကိုအောင်ကျော်ခန့်ကပြောပါတယ်။
အခုအချိန်မှာ ဆော်လမွန်ကြက်ကို ပြည်ပကတင်သွင်းနေရပြီးတော့ ပြည်ပကိုတင်ပို့ဖို့ အဆင့်အတန်းတစ်ခုအထိမြင့်အောင်ပြုလုပ်သွားဖို့လိုအပ်တယ်လို့သိရပါတယ်။ မြန်မာပြည်မှာ ဆော်လမွန်ကြက်ရဲ့တန်ဖိုးတွေ ကတော့ ငွေကျပ် ၁၅၀၀၀ ,၂၀၀၀၀ က နေကြက်ရဲ့ လှပမှုပေါ်မူတည်ပြီးတော့ တန်ဖိုးကွာသွားတာဖြစ်ပြီး ကျပ် ၁၀ သိန်းလောက်အထိရှိတယ်လို့ သိရပါတယ်။ ဆော်လမွန်ကြက်မျိုးရင်းကို မလေးရှားနိုင်ငံက ဝီရန်ကျန်းဆိုသူက နှစ်ပေါင်း ၂၀ ကြာအောင် စတင်မျိုးစပ် ခဲ့တာဖြစ်ပြီးတော့ မလေးရှားမျိုးရင်းဖြစ်တယ်လို့သိရပါတယ်။ ဆော်လမွန်ကြက်ရဲ့ပုံဟာ ရင်ဘတ်မောက်နေပြီးတော့ ကာယဗလမောင်နဲ့တူပြီးတော့ ရင်ဘတ်ကို သရက်ပုံပန်းသီးပုံအစရှိသဖြင့် ခွဲခြားထားတယ်လို့ သိရပါတယ်။ မန္တလေးမြို့မှာ ပထမဆုံးဆော်လမွန်ကြက်အလှပြပြိုင်ပွဲကြီးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့ က မနော်ရမ္မံကစားကွင်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

**Source:** https://www.kumudranews.com/news-31837?fbclid=IwAR0pZf_AfwogzE5rOYukX1HNV14Cz3QzX9KtX9B79OjMVJndPq4xzY0DeWs

## ဆီထွက်သီးနှံ အုပ်စုဝင် မြေပဲမျိုးသစ်များ မကြာမီ ထွက်ရှိတော့မည်



စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စမ်းသပ်စိုက်ပျိုးသုတေသနပြုနေသည့် ဆီထွက် သီးနှံအုပ်စုဝင် မြေပဲမျိုးသစ်များ မကြာမီထွက်ရှိနိုင်တော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သတင်းရရှိသည်။ လက်ရှိတွင် ဆီထွက် သီးနှံသုတေသနဌာနစုရှိ သုတေသနပညာရှင်များမှ သက်လျှင်အထွက်ကောင်း မြေပဲမျိုးသစ်၊ ရေငတ်ဒဏ်ခံနိုင်သော မြေပဲမျိုးသစ်၊ ရွက်ပြောက်ရောဂါဒဏ်ခံနိုင်သော မြေပဲမျိုးသစ်နှင့် အစေ့စား မြေပဲမျိုးသစ်များကို မျိုးကူးစပ်ရွေးချယ်ရှာဖွေလျှက်ရှိရာ၊ မကြာမီမျိုးစေ့သစ်များ ထွက်ရှိလာတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းကပြောသည်။
စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ လိုက်လျောညီထွေရှိမယ့် မျိုးသစ်တွေ ရှာဖွေသုတေသနပြုလုပ်ငန်းတွေကို အထူးဦးစားပေးအနေနဲ့ ဆောင်ရွက်နေတာဖြစ်တယ်ဟု ဦးနိုင်ကြည်ဝင်းကဆိုသည်။
မြေပဲမျိုးများအဖြစ် ရေငတ်ဒဏ်ခံနိုင်သော ဆင်းပဒေသာ (၆)၊ ဆင်းပဒေသာ (၁၂)၊ သက်လျှင်အထွက်ကောင်းမျိုးဖြစ်သော ဆင်းပဒေသာ (၇)၊ အထွက်ကောင်း မြေပဲမျိုးဖြစ်သော ဆင်းပဒေသာ (၁၁) နှင့် ဆင်းပ ဒေသာ (၁၃) တို့သည် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (DAR) ၏ သုတေသန ရလဒ်များဖြစ်ပြီး၊ တောင်သူလက်ဝယ်အရောက် အထောက်အကူပြု ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။
ဆီထွက်သီးနှံတွေအတွက် တောင်သူတွေအဓိကလိုအပ်နေတာ အရည်အသွေးမီ မျိုးစေ့ရရှိစိုက်နိုင်ဖို့ဖြစ်တယ်။ အထွက်နှုန်းမျိုးတွေ စိုက်နိုင်မှ စိုက်ကုန်ကျစရိတ်တွေကာမိစေပြီးတော့ စီးပွားဖြစ်စိုက်လာနိုင်မှာဖြစ်သလို တစ်ဖက်

မှာလည်း ပြည်တွင်းဆီစားသုံးမှုနဲ့ ပြည်ပတိုးတက်တင်ပို့ဖို့ အထောက်အကူပြုလာမှာဖြစ်ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌဦးခင်စိုးကပြောသည်။ ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများအနေဖြင့် မိရိုးဖလာနည်းဖြင့် မြေပဲစိုက်ပျိုးမှုမှာ တစ်ဧကလျှင် ၃၅ တင်းမှ တင်း ၄၀ ခန့်သာရရှိသဖြင့် ထိုင်ဝမ်နည်းဖြင့် စိုက်ပျိုးသောနည်းနှင့် အထွက်နှုန်းမြင့်မျိုးများကို အသုံးပြုခြင်းဖြင့် တစ်ဧကလျှင် တင်း ၁၀၀ ခန့်အထိ ထွက်ရှိ လာနိုင်မည်ဖြစ်ကြောင်းသိရသည်။ လက်ရှိမြန်မာနိုင်ငံတွင် မြေပဲကို မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ စလင်းမြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့ ၊ မြောင်မြို့နယ်တို့တွင် အစိုက်များဆုံးစိုက်ပျိုးကြပြီး ဧရာဝတီတိုင်းဒေသကြီး၊ အင်ပင်မြို့၊ ကြံခင်းမြို့၊ မြန်အောင်မြို့စသည့်ဒေသများ၌လည်း စိုက်ပျိုးလျက်ရှိသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5752&fbclid=IwAR1RvAmcXy1rN3Ii4CnUJZAlqdEdBzH9TlioDfJvDFgID_EX96bon8bAkKs

## ဆောင်းနှမ်းသစ်ပေါ်ချိန် တစ်အိတ်လျှင် ကျပ်လေးထောင်ခန့် ဈေးပိုရရှိနေ

လက်ရှိ ဆောင်းနှမ်းသစ် ပေါ်ချိန်ကာလဖြစ်သဖြင့် နှမ်း ၄၅ ပိဿာ၊ တစ်အိတ်လျှင် ယခင်နှစ်ကာလတူဈေးထက် ကျပ် ၄,၀၀၀ ခန့် ဈေးပိုမိုရရှိနေပြီး ဂျပန်နိုင်ငံမှ ကြိုက်နှစ်သက်သည့် နှမ်းနက်မှာလည်း ဈေးပိုမိုမြင့်တက်လာကြောင်း နှမ်းကုန်သည်များထံမှ သတင်းရရှိသည်။ နှမ်းရောင်စုံ ဈေးတွေပိုကောင်းလာပြီး၊ ဂျပန်၊ စကၤာပူကြိုက် နှမ်းဈေးတွေ ပိုမြောက်တယ်။ တောင်သူတွေအနေနဲ့ ဒီထက်ဈေးကောင်းရရှိချင်ရင် GAP နည်းနဲ့ စိုက်ဖို့လိုအပ်ကြောင်း အောင်လံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးကပြောသည်။

လက်ရှိ နှမ်းရောင်စုံဈေးကွက်အတွင်း နှမ်းပြာသန့်တစ်အိတ်လျှင် ကျပ် ၁၈၅,၀၀၀ ခန့်ရရှိနေပြီး ယခင်နှစ်ယခုလိုအချိန်က တစ်အိတ်လျှင် ၁၈၀,၅၀၀ ကျပ်သာရရှိခဲ့သည်။ အလားတူ နှမ်းဖြူတစ်အိတ်လျှင် ၁၅၅,၀၀၀ ကျပ်ခန့်ရရှိနေပြီး ယခင်နှစ် ယခုလိုအချိန်က တစ်အိတ်လျှင် ၁၅၀,၅၀၀ ကျပ် အသီးသီးရရှိခဲ့သည်။ ဂျပန်နိုင်ငံမှ အဓိကဝယ်ယူနေသည့် နှမ်းနက်(စမုံ) ၄၅ ပိဿာ တစ်အိတ်လျှင် ၂၂၀,၀၀၀ မှ ၂၂၄,၀၀၀ ကျပ် ထိရရှိနေပြီး ယခင်နှစ်ယခုလိုအချိန်က တစ်အိတ်လျှင် ကျပ် ၂၀၁,၀၀၀ ခန့်သာ ရရှိခဲ့ကြောင်းသိရသည်။ လက်ရှိတွင် မြန်မာ့နှမ်းကို ဂျပန်၊ တရုတ်၊ စကၤာပူ၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ ထိုင်း၊ ဒိန်းမတ်နှင့် မလေးရှား စသည့် နိုင်ငံတို့မှ တင်ပို့နေရပြီး နှစ်စဉ်တန်ချိန်တစ်သိန်းကျော်ခန့် တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၂ သန်းခန့် ရရှိနေကြောင်းသိရသည်။

ပြည်ပသို့ ဆီထွက်သီးနှံများ တင်ပို့ရာတွင် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုတွင် စစ်ဆေးနိုင်ပြီး ဆီ၏အရည်အသွေး၊ ဆီ၏ အရောင်၊ အဆီအက်စစ်ဓာတ်လွတ် ပါဝင်ကိန်း၊ အချဉ်ဓာတ် ကိန်းနှင့် ဆီစေး၊ ဆီပျစ်မှု စသည်တို့ကို စစ်ဆေးနိုင်ကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ဆင်းရတနာ ၂ ၊ ၃၊၄၊ ၅ ( အနက်၊ အနက်၊ အဖြူ၊ အဝါ) မကွေး ၇၊ ၉မျိုး( အနီရောင်၊ အဝါရောင်) စသည့် နှမ်းအမျိုးအစားများကို စိုက်ပျိုးမှုများပြီး ဆောင်းရာသီ နှမ်းကို စက်တင်ဘာလမှ အောက်တိုဘာလတွင်း စိုက်ပျိုးကာ နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလများတွင် စတင်ထွက်ပေါ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5755&fbclid=IwAR0dbh ZxDz40655QWX-iuPD32S2PgF5N-BIocHjl3J7RNU5FGrzGqDdJ4mE

## ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်ကို မကြာမီ အဆင့်မြှင့်တင်တော့မည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အတွင်းရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မကြာမီအချိန်အတွင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။ ဇန်နဝါရီလ ၁၂ ရက်နေ့က ရန်ကုန်မြို့ရှိ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ပြုလုပ်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ(၁)နှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ၂၃ ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်ကြီး အဆင့်မြှင့်တင်ရေးကိစ္စကို ပြင်ဆင်နေပြီဖြစ်ပြီး၊ မကြာခင်မှာ ညောင်နှစ်ပင်မှာရှိတဲ့ တစ်ချိန်တုန်းက အမျိုးသားညီလာခံခန်းမကြီးကို သင်တန်းကျောင်းကြီးအဖြစ် ပြောင်းလဲဖို့ ပြင်ဆင်နေကြောင်း ၎င်းကဆိုသည်။



စိုက်ပျိုးရေးနှင့်ပက်သက်၍ ၎င်းစီမံချက်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစားပေးအစီအစဉ်ထဲတွင် ပါဝင်ပြီး ယခုရက်ပိုင်းအတွင်း ညောင်နှစ်ပင်သို့ သွားရောက်ကာ ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ယင်းနှင့်ပက်သက်၍ လေ့လာစမ်းစစ်မှုများပြုလုပ်နေပြီး၊ အဆိုပါဇုန်ကြီး ကဏ္ဍနယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် အခြေအနေများကို စဉ်းစားဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်က ဆိုသည်။ အဆိုပါနေရာတွင် ပိုင်းလော့ပရောဂျက်အနေဖြင့် ဧက ၁၀၀ ခန့်အား ဆောင်ရွက်ခဲ့ပြီး၊ ပြည်ပသို့ တင်ပို့ဆောင်ရွက်နိုင်သည့်၏အဆင့်သို့ရောက်ရှိနေပြီဖြစ်ပြီး၊ ယင်းဇုန်အား ယခင်ကိုယ်ထူကိုယ် အခြေအနေတစ်ခုမှ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုက်ရိုက်ကွက်ကဲသွားမည်ဟုဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးရေးဇုန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်ရေရရှိရေးကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ (အောက်တိုဘာလ - စက်တင်ဘာလ) ဘတ်ဂျတ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးရေးကဏ္ဍနှင့်ပက်သက်၍ အဆင့်မြင့်လယ်ယာများကို တိုင်းအစိုးရတင် တာဝန်ယူခဲ့သည့်နှစ်တွင် ကျပ် ၈ ဘီလီယံခန့် လယ်သမားများအား ပံ့ပိုးပေးနိုင်ခဲ့ပြီး ယင်းသို့ဆောင်ရွက်ရာတွင်လည်း ဆည်ရေသောက်ဧရိယာများကိုသာ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး၊ ရန်ကုန်တိုင်း၏စိုက်ပျိုးရေး Master Plan ကိုလည်း အတည်ပြုထားပြီးဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5755&fbclid=IwAR0dbhZxDz40655QWX-iuPD32S2PgF5N-BIocHjl3J7RNU5FGrzGqDdJ4mE

## နှစ်ပတ်အတွင်း ကျပ်ငွေတန်ဖိုး ပြန်တက်လာ

အမေရိကန်ဒေါ်လာ တန်ဖိုးသည် သီတင်းနှစ်ပတ်အတွင်း ၃၂ ကျပ်ခန့်ကျဆင်းပြီး မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်လာသည်။ တစ်ဒေါ်လာ ၁,၅၄၇ ကျပ်ဖြင့် ဇန်နဝါရီလဆန်းက စတင်ခဲ့သော်လည်း ၁၄ ရက်တွင် တစ်ဒေါ်လာ ၁,၅၁၅ ကျပ်ခန့်သို့ ကျဆင်းလာသည်။ မြန်မာနိုင်ငံ၏ပို့ကုန်ရာသီဖြစ်နေခြင်း၊ နိုင်ငံတကာငွေကြေးဈေးကွက်တွင် ကမ္ဘာ့ရွှေဈေးမြင့်တက်ပြီး ကန်ဒေါ်လာတန်ဖိုးလျော့နည်းခြင်းက ပြည်တွင်းငွေကြေးဈေးကွက်ကိုလည်း တိုက်ရိုက်သက်ရောက်စေသည်ဟု မြန်မာနိုင်ငံမော်တော်ယာဉ်တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီလဆန်းက တစ်အောင်စလျှင် ကန်ဒေါ်လာ ၁,၂၉၀ ခန့်မှ ၁၄ ရက်တွင် ၁,၂၉၃ ဒေါ်လာသို့ တက်လာသည်။ ပြည်တွင်း ငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ဆက်တိုက်ကျဆင်းလာချိန်၌ ဗဟိုဘဏ်က လေလံဈေးကွက်ဖြင့် ပုဂ္ဂလိကဘဏ်များထံမှ နှစ်ပတ်အထိ ကန်ဒေါ်လာ ၂၉ သန်းခွဲ ပြန်လည်ဝယ်ယူခဲ့သည်။ ပြည်တွင်းငွေကြေးဈေးကွက်ရှိ ကန်ဒေါ်လာတန်ဖိုးထက် ပိုမြင့်တက် ရည်ညွှန်းငွေလဲနှုန်းဖြင့် ဒေါ်လာ ၂၉ သန်းခွဲကို လေလံဈေးကွက်မှ ဝယ်ယူခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၄ ရက်တွင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းက ၁,၅၂၆ ကျပ် ဖြစ်သည်။

**Source:** http://www.7daydaily.com/story/147419

## ကချင်ပြည်နယ်တွင် စီးပွားရေးဇုန်တည်ဆောက်ရန် ပြည်နယ်အစိုးရနှင့် အကျိုးတူပူးပေါင်းမည့် ကုမ္ပဏီထူထောင်

ကချင်ပြည်နယ်တွင် စီးပွားရေးဇုန်တစ်ခုတည်ဆောက်ရန် ကချင်ပြည်နယ်အစိုးရက ကမ်းလှမ်းထား၍ ပြည်နယ်အစိုးရနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီထူထောင်ခဲ့ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (MTSH) ဥက္ကဋ္ဌ ဦးဝင်းအောင်က ဇန်နဝါရီ ၁၂ ရက်တွင်ပြောသည်။ MTSH ကုမ္ပဏီသည် သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာဘက်က ပူးပေါင်းဆောင်ရွက်ခွင့်ရသည့်ကုမ္ပဏီဖြစ်ပြီး လက်ရှိ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်၍ ရှယ်ယာရှင် ၁၇,၀၀၀ ကျော်ရှိသည်။

နိုင်ငံအတွက် အထူးလိုအပ်တဲ့ အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ဆောင်

သွားပြီး၊ အတွေ့အကြုံကို အကျိုးရှိအောင် အသုံးချသွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်ရော၊ ရှယ်ယာရှင်ပါအကျိုးရှိမည်ဖြစ်ကြောင်း ဦးဂင်းအောင်က MTSH ၏ ၂၀၁၉ နှစ်ကူး ညစာစားပွဲတွင်ပြောကြားခဲ့သည်။ ကချင်ပြည်နယ် မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန် စီမံကိန်းတည်ထောင်ရန် အကျိုးဖြစ်ထွန်းမှုနှင့် စီးပွားရေးအရဖြစ်နိုင်ခြေ ရှိ၊ မရှိ လေ့လာမည်ဟု ကုမ္ပဏီက ၂၀၁၈ အတွင်း ကြေညာခဲ့သည်။

မြေဧက ၄,၇၀၀ အကျယ်တွင် အကောင်အထည်ဖော်မည့် 'မြစ်ကြီးနား စီးပွားဖွံ့ဖြိုးရေးစီမံကိန်း' ဟု အမည်ပေးထားသော စက်မှုဇုန်ကိုထူထောင်ရန် ကချင်ပြည်နယ်အစိုးရနှင့် တရုတ်နိုင်ငံ ယူနန်ထိန်ချုံးဟိန်ရှန် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်တို့သည် မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၈ မေလ ၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

စီမံကိန်းတွင် အပိုင်းသုံးပိုင်းပါဝင်မည်ဖြစ်ပြီး စီမံကိန်းအပိုင်း (၁) တွင် လယ်ယာထွက်ကုန်များကို တန်ဖိုးမြင့်ထွက်ကုန်များအဖြစ် အဆင့်မြှင့်တင်ပြီး၊ ပြည်တွင်းနှင့်တရုတ်နိုင်ငံသို့ တင်ပို့ရန်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရက ပြောကြားထားသည်။ အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ရန် ပြည်နယ်အစိုးရက ရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ တရုတ်ကုမ္ပဏီက ရှယ်ယာ ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်ရန်စီစဉ်ထားသည်။ ကချင်ပြည်နယ်တွင် စက်မှုဇုန်တစ်ခု မဖြစ်မနေ လိုအပ်နေပြီး ယခင်အစိုးရလက်ထက်၌ ပိုင်းမော်မြို့တွင် အကောင်အထည်ဖော်ရန် စီစဉ်သော်လည်း မအောင်မြင်ခဲ့ဟု မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆန်ကပြောသည်။

Source: http://www.7daydaily.com/story/147421

## STOCK EXCHANGE (15.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,900 | 1,315 | 13,018,500 | 27,112,747 | 268,416 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 3,000 | 2,950 | 732 | 2,159,500 | 38,929,150 | 114,841 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 109 | 2,452,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 1,125 | 3,150,000 | 12,212,906 | 34,196 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.37 | +0.00 | +0.00% | 401.37 | 401.37 | 401.37 | 3,281 | 20,780,500 | 5 | 547,961 |


**Index chart**



# Market Overview

As of 12:00 pm, 15th Jan. 2019

| MYANPIX | 402.79 ▲ 1.42 |
|---|---|
| Total Volume (shares) | 2,660 |
| Total Value (MMK) | 18 mil |
| Listed Company | 5 |
| Market Cap. (MMK) | 549,907 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |

TIR